# ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်းရှိဆေးဖက်ဝင်အပင်မျိုးစိတ်အချို့၏ဆေးဖက်အသုံးဝင်ပုံများကိုလေ့လာခြင်း

မြင့်မြင့်စန်း
လက်ထောက်သုတေသနအရာရှိ သစ်တောသုတေသနဌာန၊ရေဆင်း

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်သည် ကချင်ပြည်နယ်၊ ပူတာအိုခရိုင် နောင်မွန်မြို့နယ်၊ ပန်နန်းဒင် မြို့နယ်ခွဲတွင် တည်ရှိပါသည်။ ဧရိယာအားဖြင့်(၁၄၇၂) စတုရန်းမိုင် ကျယ်ဝန်းပြီး ပင်လယ်ရေ မျက်နှာပြင် အထက်အနိမ့်ဆုံး (၃၀၀၀)ပေမှ အမြင့်ဆုံး ခါကာဘိုရာဇီ တောင်ထိပ်(၁၉၃၅၀)ပေ အတွင်းရှိပြီး တစ်နှစ် ပတ်လုံး ရေခဲဖုံးလွှမ်းလျက်ရှိပါသည်။ တောင်ပေါ် မြက်ခင်း၊ တောင်ပေါ်ထင်းရှူးတော၊ တောင်ဇလပ်တော၊ တောင်ပေါ် သမပိုင်း စိုစွတ်တော၊ အပူလျော့ပိုင်း မြေနိမ့်တောဟူ၍ တောအမျိုးအစား (၄)မျိုးရှိသော ကြောင့် အပင်မျိုးစိတ်များစွာသည် သဘာဝအလျောက် ကျယ်ကျယ်ပြန့်ပြန့် ပေါက်ရောက် လျက်ရှိပါသည်။ အဆိုပါ မျိုးစိတ်များအနက်မှ ဆေးဖက်ဝင် အပင်မျိုးစိတ်(၁၆)မျိုး၏ ဆေးဖက် အသုံးဝင်ပုံ နှင့် ပါဝင်သော ဓာတုဒြပ်ပေါင်းများကို သုတေသနပြု တင်ပြအပ်ပါသည်။